XAR တွင်းပါဝင်သည့်
သတ္တုစပ်၏ ဂုဏ်အရည်အသွေးများ

XAR ၏မာကျောမှုအဆင့်သည် 300 HB မှ 600 HB (သို့မဟုတ်) 32 HRC မှ 57 HRC ခန့်အထိ ရှိနိုင်သည်။ မာကျောမှုဂုဏ်သတ္တိသည် ခရိုမီယမ်(Cr) နှင့် နိုင်အိုဘီယမ် (Nb) သတ္တုစပ်အရည်အသွေး၌ မူတည်ကာ၊ ခရိုမီယမ်မှာ ပွန်းစားမှုခံသတ္တိကောင်းစေ၍ နိုင်အိုဘီယမ်မှာမူ ဆောင့်တိုက်မှုခံအားနှင့် သတ္တု၏တွဲပြောင်းမှုအားကောင်းစေ၍ ပုံသွင်းရလွယ်ကူစေသည်။

XAR အတွင်း ကာဗွန်ပါဝင်မှု ပမာဏနိမ့်သဖြင့် ၎င်းကို ဂဟေဆက်ရာနှင့် ပုံသွင်းရာတွင် လွယ်ကူစေသည်။ ဥပမာ ကာဗွန်ဒိုင်အောက်ဆိုက် သို့မဟုတ် ကာဗွန်ဒိုင်အောက်ဆိုင်အရောအစပ်သုံး၍ ဂဟေဆော်သည့် MAG အမျိုးအစား ဂဟေဆော်ခြင်း၌ ကြိုတင်အပူပေးခြင်း(preheat) ပြုလုပ်စရာမလိုပဲ ဂဟေဆက်နိုင်သည်။





XAR ၏ဂုဏ်အရည်အသွေးများ

Hardness and chemical composition

| Steel grade | Delivery condition | Thickness range mm | Hardness HBW | Alloying |
| --- | --- | --- | --- | --- |
| XAR® 300 | normalized | 4 – 50 | 270 – 340 | ~ 0.19% C*, Cr(Mo)-alloyed |
| XAR® 400 | quenched (+ tempered) | 3 – 100 | 360 – 440 | ~ 0.15% C*, Cr(Mo)-alloyed |
| XAR® 400 W | | 3 – 50 | 360 – 440 | ~ 0.25% C*, Cr(Mo)-alloyed |
| XAR® 450 | | 3 – 100 | 410 – 490 | ~ 0.19% C*, Cr(Mo)-alloyed |
| XAR® 500 | | 3 – 100 | 450 – 530 | ~ 0.25% C*, CrMo(Ni)-alloyed |
| XAR® 550 | | 4 – 100 | 500 – 580 | ~ 0.30% C*, CrNiMo-alloyed |
| XAR® 600 | | 8 – 40 | 550 – 630 | ~ 0.35% C*, CrNiMo-alloyed |

* plate thickness 15 mm










William Group
TEL : 02-4547851-7
FAX : 02-4542816
www.william.co.th
E-mail: info@william.co.th


**XAR** အရည်အသွေးမြင့် ပွန်းစားမှုခံစတီးလ်သံမဏိ

# wear-resistant steels








ဖြန့်ဖြူးရောင်းချသူ - ဝီလီယမ်

ThyssenKrupp Steel



## XAR steel -ThyssenKrupp Steel

စက်မှုလုပ်ငန်းသုံး စက်ယန္တရားအသီးသီးတွင်
ပွန်းစားမှုကြောင့် ပြင်ဆင်မွမ်းမံရသည့်ငွေနှင့်အချိန်
ဆုံးရှုံးမှု ဖြစ်စေသည်။ ဥပမာ
ကျောက်ကြိတ်စက်ရုံတွင်းရှိစက်ကိရိယာယန္တရားများဖြစ်သော
ကျောက်ကြိတ်ချေစက်၊ ကျောက်သယ်ကား၊ မြေလုပ်ငန်းယန္တရား
များဖြစ်သည့် ဘက်ဟိုးမြေကော်စက်၊ မြေတူးစက်၊
ပစ္စည်းသယ်ပို့ကိရိယာများဖြစ်သော ကွန်ဗေယာခါးပတ်
စသည်တို့သည် ကြိတ်၊ ချေ၊ ပွတ်၊ ဆောင့်၊ ကိုက်စားမှုတို့ကြောင့်
များစွာ ယိုယွင်းပျက်စီးမှုကို ခံရပါသည်။ ထို့ကြောင့်
မာကျောမှုမြင့်မားသည့် စတီးလ်သံများကို
ရွေးချယ်အသုံးပြုခြင်းသည် ပွန်းစားယိုယွင်းမှုများကို
ထိရောက်စွာ တားဆီးဟန့်တားပေးနိုင်သည့် အဓိက
အခြေခံအကြောင်းတစ်ခု ဖြစ်ပါသည်။

XAR သည် eXtra Abrasion Resistant
မှ အတိုချုပ်ခေါ်ဝေါ်ထားသည့် စကားလုံးဖြစ်သည်။
စကားလုံး၏အနက်မှာ အထူးပွန်းစားခံသံမဏိ ဖြစ်၍၊
စတီးလ်သံပြားထုတ်လုပ်မှုလောက၏ ရှေ့
ဆောင်ကုမ္ပဏီတစ်ခုဖြစ်သည့် ဂျာမနီနိုင်ငံရှိ
တိစင်းခရု(ပ်)ကုမ္ပဏီမှ ထုတ်လုပ်သည်။





XAR မှာ လိုအပ်ချက်အလိုက် ရွေးချယ်စရာ
များစွာရှိကာ၊ အထွေထွေစံအဖြစ် သတ်မှတ်သုံးစွဲကြသည့်
အမျိုးအစားမိုဒယ်များမှာ

XAR 400 သည် အထွေထွေကိုယ်ထည်တည်ဆောက်တ
ပ်ဆင်မှုသံများထက် (5)ဆပို၍ သုံးစွဲမှုသက်တမ်းရှိသည်။
ပွန်းစားခံနိုင်မှု ပိုကောင်းသည့်အပြင် ဂဟေဆော်ခြင်း၊
အအေးနည်းပုံသွင်းခြင်းကိုလည်း ကောင်းစွာလုပ်နိုင်သဖြင့်
မြေလုပ်ငန်းနှင့်ဆိုင်ရာစက်ယန္တရား၊ မိုင်းတွင်းလုပ်ငန်း၊
ကျောက်ကြိတ်ခွဲစက်ရုံ၊ ကွန်ကရစ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊
သံထည်စက်ရုံ စသည့် စက်မှုလုပ်ငန်းအသီးသီးရှိ ပွန်းစားမှုခံ
စက်ကိရိယာအစိတ်အပိုင်းများအတွက် သင့်တော်သည်။

XAR 400 W သည် အပူရှိန်မြင့်သည့်လုပ်ငန်း၌ သုံးနိုင်သည်။
XAR 400 W သည် အပူချိန် 400 ဒီဂရီစင်တီဂရိတ်အထိရှိ
အပူဒဏ်ကိုခံနိုင်သဖြင့် ဘိလပ်မြေထုတ်လုပ်ရေးစက်ရုံကဲ့
သို့သောစက်ရုံများအတွက် သင့်တော်သည်။

XAR 300 ကို အလယ်အလတ် (သို့မဟုတ်)
အနိမ့်စားပွန်းစားမှုလုပ်ငန်းများ၌သုံးရန် ဖြစ်သည်။
XAR 300 ကို ဆေးသားအမာ တင်ခြင်းမပြုပဲ
အထူးပြုထုတ်လုပ်ထားသဖြင့်
ဈေးနှုန်းလည်းချိုသာစေသည်။




XAR 450 သည် XAR 400 ထက်ပို၍ပွန်းစားမှုခံနိုင်ကာ၊
အနာဂတ်၌ XAR 400 နေရာကို အစားထိုးသွားပါမည်။

XAR 500 - ပွန်းစားမှုမြင့်မားစွာခံနိုင်သည့်လုပ်ငန်း
များ၌သုံးလိုပါက ဂဟေဆက်နိုင်၊ ပုံသွင်းနိုင်သည့်
XAR 500 ကို အသုံးပြု သင့်ပါသည်။

XAR 550 - လက်ရှိ၌ XAR 500 ကို အစားထိုးရန်အတွက်
XAR 550 ကို ဖွံ့ဖြိုးတီထွင်လျက် ရှိပါသည်။

XAR 600 - အမြင့်မားဆုံးပွန်းစားမှုခံလုပ်ငန်း
(ဆောင့်တိုက်မှုအားခံရမှုမရှိသည့်လုပ်ငန်း)၌
XAR 600 သည် အသင့်တော်ဆုံး ဖြစ်ပါသည်။
သို့ရာတွင် XAR 600 သည်
မာကျောမှုအဆင့်အလွန်မြင့်မားသဖြင့်
ပုံသွင်းမှုလုပ်ငန်းအတွက် မသင့်တော်ပါ။

